Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

# လစဉ်သတင်းလွှာ စက်တင်ဘာလ ၂၀၁၇



အနုပညာရှင် အဆိုတော် မနီနီခင်ဇော် မှ ကျောင်းသူ၊ ကျောင်းသားများ အား စိတ်ဓါတ်ခွန်အားဖြစ်စေမည့်အကြောင်းအရာများကိုဆွေးနွေး ပို့ချ

## လူ့အခွင့်အရေးဆိုင်ရာဟောပြောဆွေးနွေးပွဲများပို့ချ ပေးခြင်း

**လူ့အခွင့်အရေးဆိုင်ရာဟောပြော၊ ဆွေးနွေးပွဲပေါင်း (၃၀) ပွဲကို ကျောင်းသူ၊ ကျောင်းသားများအားပို့ချပေးခြင်း**

စက်တင်ဘာလတွင်းတွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) မှ အခြေခံလူ့အခွင့်အရေးဆိုင်ရာ ဟောပြော ဆွေးနွေးပွဲပေါင်း (**၃၀**) ပွဲကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ညောင်လေးပင်မြို့နယ်၊ ဖြူးမြို့နယ်နှင့် တောင်ငူမြို့နယ်တို့တွင် ဟောပြောပို့ချပေး နိုင်ခဲ့သည်။ ညောင်လေးပင်မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း (၉) ကျောင်းတွင်ဟောပြောဆွေးနွေးပွဲပေါင်း(၉)ပွဲကို လည်းကောင်း၊ ကြယ်စင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ဟောပြောဆွေးနွေးပွဲ (၁)ကို လည်းကောင်း၊ ဖြူးမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း (၉) ကျောင်းတွင်ဟောပြောဆွေးနွေးပွဲပေါင်း (၉)ပွဲကို လည်းကောင်း၊ မိုးဟိန်းထက်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ဟောပြောဆွေးနွေးပွဲ (၁)ကို လည်းကောင်း၊ တောင်ငူမြို့နယ်အတွင်းရှိ အထက်တန်းကျောင်း (၁၀) ကျောင်းတွင် ဟောပြောဆွေးနွေးပွဲပေါင်း (၁၀)ကို လည်းကောင်း ဟောပြော ပို့ချပေးခဲ့ပါသည်။ အဆိုပါ ဟောပြော ဆွေးနွေးပွဲများသို့ ကျောင်းသူ၊ ကျောင်းသား **၁၄၅၀၃** (တစ်သောင်းလေးထောင် ငါးရာ့သုံး) ဦးကျော်နှင့် ဆရာ၊ဆရာမများ တက်ရောက် နားထောင်ခဲ့ကြပါသည်။

စက်တင်ဘာလ ၄ ရက်နေ့မှ စက်တင်ဘာလ ၉ ရက်နေ့ထိ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) မှ ညောင်လေးပင်မြို့နယ်အတွင်းရှိ အထက်တန်းကျောင်း (၉) ကျောင်း တွင် ဟောပြောဆွေးနွေးပွဲပေါင်း (၉)ပွဲနှင့် ကြယ်စင်သစ်ကိုယ်ပိုင် အထက်ကျောင်းတွင် ဟောပြောဆွေးနွေးပွဲ (၁)ပွဲကို ပို့ချပေးခဲ့ပါသည်။ ပဲခူးတိုင်း ဒေသကြီးညောင်လေးပင်မြို့နယ် မဲဆန္ဒနယ်အမှတ် ၂ မှ လွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ အမျိုးသား ဒီမို ကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် ကိုဇင်မင်း၊ ညောင်လေးပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းတို့မှ အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် အဖွင့်အမှာ စကားပြောကြားပေးခဲ့သည်။ ညောင်လေးပင်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ မှ ကျောင်းသူ၊ ကျောင်းသား များကို ဆုံးမဩဝါဒ ပြောကြားပေးခဲ့ပြီး ညောင်လေးပင်မြို့ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဘိုတောက်မှ လူ့အခွင့်အရေးက လူသား တစ်ယောက်အတွက်အရေးပါပုံကို ရှင်းပြခဲ့သည်။ ထို့ပြင် ညောင်လေးပင် မြို့နယ် အထက(၁) နှင့် အထက (၂)၊ ပြွန်တန်ဆာ အထက (၁) နှင့် (၂) တို့တွင် **အနုပညာရှင် ဟာသ သရုပ်ဆောင် ပိုးလေး**မှ ကျောင်းသား ကျောင်းသူများကို သိမှတ်စရာများ မှတ်သားစရာများကိုဟောပြောပေးခဲ့ပါသည်။ ညောင်လေးပင်နိုင်ငံရေး အကျဉ်းသားဟောင်း ကိုဘိုတောက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်မှုဆောင်အဖွဲ့ဝင် ကိုဇင်မင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်တာဝန်ခံ ကိုဇင်မင်းလွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ကိုဖြိုး တို့မှ အဆိုပါ ဟောပြောပွဲများတွင် ပါဝင် အားဖြည့်ကူညီ ခဲ့ကြသည်။ ဟောပြောပွဲများသို့ ကျောင်းသား၊ကျောင်းသူ **၅၀၈၈** ဦးကျော် နှင့် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ပြီး ကျောင်းအုပ်ကြီးများမှ ဟောပြော ပွဲပြီးဆုံးပြီးနောက် ကျေးဇူးတင်စကားများ ပြန်လည် ပြောကြားခဲ့သည်။ ထို့ပြင် AAPP မှ ညောင်လေးပင်မြို့နယ်၊ ဇီးကုန်းကြီးကျေးရွာအထက ကျောင်းစာ ကြည့်တိုက်အတွက်လည်း စာအုပ်များလှူဒါန်းခဲ့ပါသည်။

ထို့ပြင် စက်တင်ဘာလ ၁၁ ရက်နေ့မှ စက်တင်ဘာလ ၁၆ ရက်နေ့ထိ AAPP မှ ဖြူးမြို့နယ်အတွင်းရှိ အထက်တန်းကျောင်း (၉) ကျောင်းတွင် ဟောပြောဆွေးနွေးပွဲပေါင်း(၉)ပွဲနှင့် မိုးဟိန်းထက်ကိုယ်ပိုင်အထက်တန်း ကျောင်းတွင် ဟောပြောဆွေးနွေးပွဲ (၁)ပွဲကို ပို့ချပေးခဲ့ပါသည်။ အဆိုပါ ဟော ပြောပွဲများသို့ ဖြူးမြို့နယ် NLDအလုပ်မှုဆောင်အတွင်းရေးမှူး ဦးကျော်အေးဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်တိုင်းဒေသကြီး(၁) ကိုယ်စား လှယ် ဦးသက်စိန်၊ ဖြူးမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ဦးသန်းညွန့်၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တိုင်းဒေသကြီးအမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်းတို့ တက်ရောက်ခဲ့ကြပြီး အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။ ဖြူးမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်အေးဝင်း၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဒေါ်မီမီဆွေနှင့် ဒေါ်ချောစုထွေး၊ ဒေါ်ခင်စန္ဒာ၊ ဒေါ်တင်တင်နွယ်၊ ဒေါ်ခင်သန္တာ၊ ဒေါ်မြရီ၊ ဦးကိုကိုအောင်၊ ဦးမောင်မောင်ဆန်းတို့မှ ဟောပြောပွဲများတွင် ပါဝင် အားဖြည့်ကူညီခဲ့ကြသည်။ ဟောပြောပွဲပြီးဆုံးပြီးနောက် ကျောင်းအုပ်ကြီးများမှ ကျေးဇူး တင်စကား ပြောကြားခဲ့သည်။ ဟောပြောပွဲများသို့ ကျောင်းသား၊ ကျောင်းသူ **၄၃၇၅** ဦးကျော် နှင့် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့သည်။ ထို့ပြင် AAPP မှ ဝဲကြီး ကျေးရွာ အထက ကျောင်း စာကြည့်တိုက်အတွက် လက်ကမ်းစာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

AAPP မှ တောင်ငူမြို့နယ်အတွင်းရှိ အထက်တန်းကျောင်း (၁၀) ကျောင်းတွင် ဟောပြောဆွေးနွေးပွဲပေါင်း (၁၀)ပွဲကို စက်တင်ဘာလ ၁၈ ရက်နေ့မှ စက်တင်ဘာလ ၂၃ ရက်နေ့ထိ ဟောပြောပို့ချပေးခဲ့ပါသည်။ အဆိုပါ ဟောပြောဆွေးပွဲများတွင် တောင်ငူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁) ဦးအေးမင်းဝင်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၂) ဦးမိုးမခတို့မှ အဖွင့်အမှာစကားပြောကြားပေးခဲ့သည်။ တောင်ငူမြို့၊ အထက(၁) နှင့် အထက (၆) တို့တွင် အနုပညာရှင် အဆိုတော် **မနီနီခင်ဇော်** မှ ကျောင်းသား၊ ကျောင်းသူများသိသင့်သိထိုက်သည့် အချက်အလက်များနှင့် ကလေးများအားစိတ်ဓါတ်ခွန်အားဖြစ်စေမည့် အကြောင်းအရာများအား ဆွေးနွေးပေးခဲ့ပြီး ကလေးများနှင့်အတူ သီချင်းများသီဆိုပေးခဲ့ပါသည်။ ထို့ပြင် တောင်ငူမြို့ အထက (၂)၊ အထက (၄) နှင့် အထက (၅) တို့တွင် အနုပညာရှင် ဟာသလူရွှင်တော် **ဦးမိုးကျော် နှင့် ကိုပိုးလေး** တို့မှ ကျောင်းသား၊ ကျောင်းသူများ သိသင့်သိထိုက်သည့် အချက်အလက်များ၊ ဗဟုသုတ များနှင့်ကျောင်းသား၊ ကျောင်းသူများ စိတ်ပျော်ရွှင်အောင် ဟာသများ နှင့်ဖျော်ဖြေပေးခဲ့ပါသည်။ ညောင်လေးပင် နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဘိုတောက်၊ တောင်ငူ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုဆန်ဂျေး၊ ဦးထွန်း၊ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုရဲနိုင်ဝင်းတို့မှ ဟောပြောဆွေးနွေးပွဲများတွင် ပါဝင် အားဖြည့်ကူညီပေးခဲ့ပါသည်။ ဟောပြောပွဲများသို့ ကျောင်းသား၊ကျောင်းသူ **၅၀၄၀** ဦးကျော် နှင့် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့သည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် AAPP အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မျိုးကျော်၊ ကိုဝဏ္ဏနွယ်၊ ကိုတင့်ထူးလွင်၊ ကိုကျော်ဦး၊ ကိုမျိုးထွန်းအောင်၊ ကိုသန်းထိုက်ဝင်း၊ ကိုခင်မောင်ဝင်း၊ ကိုအောင်ကြီးနှင့် ကိုလွင်မိုးမြင့်တို့မှ ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ဟောပြောပွဲ တက်ရောက် လာသူများကိုရှင်းပြကာ လူ့အခွင့်အရေးသမိုင်းကြောင်း၊ အခြေခံလူ့အခွင့်အရေး၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း(UDHR) အချက် ၃၀၊ ကလေးသူငယ်အခွင့်အရေးများနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု အကြောင်းများကို ဟောပြောရှင်းလင်းဆွေးနွေးပေးခဲ့ပါသည်။ ဟောပြောပွဲများပြီးဆုံးပြီးနောက် တက်ရောက်သူများကြား လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ မြှင့်တင်ရန် ရည်ရွယ်၍ AAPPမှ အချက် ၃၀ ပါ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်း လက်ကမ်းစာစောင်များကို ဝေငှခဲ့သည်။

အထက်ပါ ဟောပြောပွဲများ ကျင်းပပြုလုပ်နိုင်ရန်နှင့် အောင်မြင်စွာ ပြီးမြောက်နိုင်စေရန်အတွက် အစိုးရမှ AAPP နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ပံ့ပိုးကူညီမှုများပေးခဲ့ပါသည်။



မကွေးတိုင်း၊ ရေစကြိုမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့သော
အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသင်တန်း

**မကွေးတိုင်းနှင့် ပဲခူးတိုင်း (အရှေ့ခြမ်း)တို့တွင် လူ့အခွင့်အရေး၊ လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု သင်တန်းများပို့ချပေးခြင်း**

လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်းကို နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(AAPP) မှ လစဉ် ပို့ချပေးလျက်ရှိရာ စက်တင်ဘာလ ၆ ရက်နေ့မှ စက်တင်ဘာလ ၁၆ ရက်နေ့ထိ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၌ (၁၁) ရက်တာ သင်တန်းတစ်ခု ကိုလည်းကောင်း၊ စက်တင်ဘာလ ၂၄ ရက်နေ့မှ စက်တင်ဘာလ ၂၉ ရက်နေ့ထိ ပဲခူးတိုင်း (အရှေ့ခြမ်း)၊ ဇေယျာဝတီမြို့နယ်တွင် (၆) ရက်တာသင်တန်းတစ်ခုကိုလည်းကောင်း ကျင်းပပြုလုပ်ပေးနိုင်ခဲ့ သည်။

မကွေးတိုင်း၊ ရေစကြိုမြို့နယ်၌ ကျင်းပခဲ့သော (၁၁) ရက်တာ သင်တန်း၌ သင်တန်းနည်းပြများအဖြစ် လူ့အခွင့်အရေးသင်တန်း နည်းပြ မဖွန့်ပန်းနှင့် လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်း တင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်း နည်းပြ ကိုကျော်ဦးတို့မှ သင်တန်းပို့ချ ပေးခဲ့သည်။ သင်တန်းသူ အမျိုးသမီး (၁၃) ဦး၊ သင်တန်းသား အမျိုးသား (၁၄) ဦး၊ စုစုပေါင်း (၂၇) ဦး သင်တန်း တက်ရောက်ခဲ့သည်။ ပဲခူးတိုင်း (အရှေ့ခြမ်း)၊ ဇေယျာဝတီမြို့နယ်တွင်ကျင်းပခဲ့သော (၆) ရက်တာသင်တန်း၌ သင်တန်းနည်းပြအဖြစ် လူ့အခွင့်အရေး၊ လူ့အခွင့်အရေး မှတ်တမ်း တင်ခြင်းနှင့်အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသင်တန်းနည်းပြ ကိုကျော်ဦးမှ ဦးဆောင်၍သင်တန်းပို့ချပေးခဲ့သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် (၁၂) ဦး၊ မူခင်းအလွတ် သတင်းထောက်

တစ်ဦး ဦး၊ ပရဟိတ အဖွဲ့ဝင် တစ်ဦး၊ ပြည်သူ ကိုးဦး အပါအဝင် စုစုပေါင်း (၂၃) ဦး သင်တန်း တက်ရောက်ခဲ့သည်။ သင်တန်းတက်ရောက်သူများမှ ဗမာတိုင်းရင်းသားများဖြစ်ကြသည်။

သင်တန်းပို့ချ ပေးခဲ့သော မကွေးတိုင်း၊ ရေစကြိုမြို့နယ်တွင် လယ်ယာမြေ အငြင်းပွားမှုများကို ရင်ဆိုင် ကြုံတွေ့နေရပြီး ပဲခူးတိုင်း (အရှေ့ခြမ်း)၊ ဇေယျာဝတီမြို့နယ်တွင် လယ်ယာမြေ သိမ်းဆည်းခံရခြင်း၊ လုပ်ခလစာအပြည့်အဝ မရရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝ မရရှိခြင်းအပါအဝင် လူ့အခွင့် အရေးချိုးဖောက်မှုများကို ရင်ဆိုင်နေရသည်။

သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်သည် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ကြသူများကို အားပေးမြှင့်တင်ရန်နှင့် အသိပညာ များရရှိလာရန် ရည်ရွယ်၍ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြစ်သည်။

## စည်းရုံးလှုံ့ဆော်ခြင်းနှင့်တိုက်တွန်းခြင်း

### ချက်သမ္မတနိုင်ငံလေ့လာရေးနှင့်ဆွေးနွေးပွဲများ

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ချက်သမ္မတနိုင်ငံသို့ လေ့လာရေး ခရီးထွက်ခွာ**



စက်တင်ဘာလ ၂ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဒုဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင် ၊ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ တွဲဘက်အတွင်းရေးမှူးဦးဘိုကြည်၊ AAPP (ရန်ကုန်ရုံးတာဝန်ခံ) ဦးအောင်မျိုးကျော်တို့သည် ချက်သမ္မတနိုင်ငံသို့ လေ့လာရေးခရီးအဖြစ် ရန်ကုန်မြို့ အပြည်ပြ ပည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ ပါသည်။ အဆိုပါလေ့လာရေးအဖွဲ့အား AAPP အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့မှ လေဆိပ်သို့ လိုက်ပါပို့ ဆောင်နှုတ်ဆက်ခဲ့ပါသည်။

**ချက်သမ္မတနိုင်ငံ၊ ပရပ်မြို့ အပြည်ပြည်ဆိုင်ရာဘူတာကြီး နှင့် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာ**

စက်တင်ဘာလ ၃ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်ပါဝင်သော လေ့လာရေးအဖွဲ့သည် ချက်သမ္မတနိုင်ငံ၊


ပရပ်မြို့၊ အပြည်ပြည်ဆိုင်ရာဘူတာကြီး သို့သွားရောက်လေ့လာခဲ့သည်။ ဘူတာကြီးတွင် ဒုတိယ ကမ္ဘာစစ်အတွင်း ချက်ကိုစလိုဗက်နိုင်ငံရှိ ဂျူးကလေး ၆၆၉ ဦးအား နာဇီတို့အသတ်ခံရမည့်ဘေးမှ ကယ်တင်ပြီး ဗြိတိန်နိုင်ငံသို့ပို့ဆောင်ပေးနိုင်ခဲ့သည့် Sir Nicholas Winton (ဗြိတိန်နိုင်ငံသား)အား ဂုဏ်ပြုသည့် ရုပ်တုအား လေ့လာခဲ့သည်။ ထို့နောက် လေ့လာရေးအဖွဲ့သည် အမျိုးသားပြတိုက်သို့သွားရောက် လေ့လာခဲ့သည်။

**ပရပ်မြို့ Old Town သို့ သွားရောက်လည်ပတ်**

စက်တင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းတွင် လေ့လာရေးအဖွဲ့သည် ပရပ်မြို့ Old Town သို့ သွားရောက်လည်ပတ်ခဲ့သည်။ Old Town သည် ၁၄ရာစု ၊ ချားလ်ဘုရင် (၄) လက်ထက်က အနုပညာလက်ရာများ၊ အဆောက်အဦများ၊ အထိမ်းအမှတ်ရုပ်တုများကို ယခင်အတိုင်း ထိန်းသိမ်းထားသည့် နေရာတစ်ခုဖြစ်သည်။

**ချက်နိုင်ငံခြားရေး ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး**

စက်တင်ဘာလ ၄ ရက်နေ့၊ ချက်သမ္မတနိုင်ငံဒေသစံတော်ချိန် နေ့လည် ၃ နာရီအချိန်တွင် ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက၊ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးအေးသာအောင် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ နှင့် အတူ AAPP မှ တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်၊ AAPP ရန်ကုန်ရုံးတာဝန်ခံ ဦးအောင်မျိုးကျော် တို့သည် ချက်သမ္မတနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Va'clav Kolaja နှင့်အဖွဲ့အား ချက်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရေး၊ စီးပွားကုန်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် လွှတ်တော်ရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



ချက်နိုင်ငံရေး ဒုတိယဝန်ကြီးနှင့် တွေ့ဆုံ၊ ဆွေးနွေး

**ချက်သမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနနှင့် ဆွေးနွေး**



အမျိုးသားလွှတ်တော် ဒုဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင် နိုင်ငံရေးအကျဉ်းသားများ ကူညီ

စောင့်ရှောက်ရေးအသင်း (AAPP) မှ တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်၊ AAPP (ရန်ကုန်ရုံးတာဝန်ခံ) ဦးအောင်မျိုးကျော်နှင့်အဖွဲ့အား ချက်သမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနဝန်ကြီးနှင့် အဖွဲ့မှ စက်တင်ဘာလ ၅ ရက်နေ့တွင် ေ တွဆုံခဲ့ပြီး အသွင်ကူးပြောင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

**ချက်သမ္မတနိုင်ငံ အောက်လွှတ်တော် ဒုဥက္ကဋ္ဌ Mr.Jan Bartosex နှင့် တွေ့ဆုံဆွေးနွေး**



စက်တင်ဘာလ ၅ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက၊ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးအေးသာအောင် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ နှင့်အတူ AAPP မှ တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်၊ AAPP ရန်ကုန်ရုံးတာဝန်ခံ ဦးအောင်မျိုးကျော်နှင့်အဖွဲ့အား ချက်သမ္မတနိုင်ငံ အောက်လွှတ်တော် ဒုဥက္ကဋ္ဌ Mr Jan Bartosex မှ အောက်လွှတ်တော် အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံခဲ့ပြီး အမျိုးသားလွှတ်တော်၊ နှစ်နိုင်ငံ လွှတ်တော်များပူးပေါင်းဆောင်ရွက်ရန်နှင့် အတွေ့အကြုံများ ဖလှယ်ကြရန် ဆွေးနွေးခဲ့သည်။

**ပရပ်မြို့ ရဲတိုက် (Prague Castle) နှင့် Vltava (Moldau)မြစ် ၊ Charle’s Bridge တို့အား သွားရောက်လေ့လာ**

စက်တင်ဘာလ ၅ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည် ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ပရပ်မြို့ ရဲတိုက် (Prague Castle ) နှင့် Vltava (Moldau)မြစ် ၊ Charle’s Bridge (၁၃၅၇၊ ဝန်းကျင်တွင် ဘုရင် ချားလ်စ် (၄)တည်ဆောက်ထားသည့်တံတား) သို့သွားရောက် လေ့လာ ခဲ့ပါသည်။ ထို့နောက်တွင် ချက်နိုင်ငံအနုပညာရှင်တစ်ဦးဖန်တီးထားသော ကွန်မြူနစ် အာဏာရှင်လက်ထက်တွင် ပြ ပည်သူများ ခံစားခဲ့ရပုံကို သရုပ်ဖော်ထားသည့် အရုပ်များအားသွားရောက်လေ့လာခဲ့သည်။

**အကျဉ်ဦးစီးဌာန ဒုတိယညွှန်ချုပ် Simon နှင့်အဖွဲ့အား တွေ့ဆုံ၍ Pankraအကျဉ်းထောင်သို့ လေ့လာ**



စက်တင်ဘာလ ၆ ရက်နေ့၊ နံနက် ၉ နာရီတွင် ချက်သမ္မတနိုင်ငံ၊ အကျဉ်ဦးစီးဌာန ဒုတိယညွှန်ချုပ် Simon နှင့်အဖွဲ့သည် နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (AAPP) မှ တွဲဘက်အတွင်းရေးမှူးဦးဘိုကြည် ပါဝင်သည့် လေ့လာရေးအဖွဲ့အား ညွှန်ချုပ်ရုံး အစည်းအဝေးခန်းမ တွင်လက်ခံတွေ့ဆုံခဲ့ပြီး ချက်နိုင်ငံ အကျဉ်းထောင်စနစ်အားရှင်းပြခဲ့ပါသည်။ ထို့နောက် တာဝန်ရှိသူများမှ လေ့လာရေးအဖွဲ့အား ချက်နိုင်ငံ ပရပ်မြို့ Pankrac အကျဉ်းထောင်အတွင်းသို့ လိုက်လံပြသခဲ့သည်။

**ဗားဂလက်ဟာဗဲလ် စာကြည့်တိုက်သို့ သွားရောက်လေ့လာ**

ချက်သမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (AAPP) မှ တွဲဘက်အတွင်းရေးမှူးဦးဘိုကြည် ပါဝင်သည့် ေ လ့လာရေးအဖွဲ့သည် စက်တင်ဘာလ ၆ ရက်နေ့၊ နေ့လည် ၂ နာရီတွင် ဗားကလက်ဟာဗဲလ် စာကြည့်တိုက်သို့ သွားရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံ၏ မျက်မှောက်အခြေအနေများကို ေ ဆွးနွေးခဲ့သည်။ လေ့လာရေးအဖွဲ့အား စာကြည့်တိုက် တာဝန်ရှိသူများမှ ညှေ့ခံကြိုဆိုခဲ့သည်။

### ဗားကလက်ဟာဗဲလ် ဂူဗိမန်သို့သွားရောက်ဂါဝရပြု

စက်တင်ဘာလ ၆ ရက်နေ့၊ ညနေ ၆ နာရီအချိန်တွင် ချက်သမ္မတနိုင်ငံသို့ လေ့လာရေးခရီးရောက်ရှိနေသည့် နိုင်ငံရေး အကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (AAPP) မှ တွဲဘက် အတွင်းရေးမှူးဦးဘိုကြည် ပါဝင်သော ၆ လူ့လာရေးအဖွဲ့သည် ဗားကလက်ဟာဗဲလ် ဂူဗိမ္မာန်သို့ သွားရောက်ဂါရဝပြုခဲ့ကြသည်။

### Prof. Tomas Vachuda နှင့် တွေ့ဆုံ ဆွေးနွေး

စက်တင်ဘာ ၇ ရက်နေ့တွင် နေ့လည် နှစ်နာရီတွင် ချက်သမ္မတနိုင်ငံသို့ လေ့လာရေးခရီးရောက်ရှိနေသည့် နိုင်ငံရေး အကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (AAPP) မှ တွဲဘက် အတွင်းရေးမှူးဦးဘိုကြည် ပါဝင်သော ၆ လူ့လာရေးအဖွဲ့သည် ပါမောက္ခ Prof. Tomas Vachuda, Anglo-American University ၏ ဒုတိယဥက္ကဌ တို့နှင့် ၆ တွေ့ဆုံခဲ့ကြသည်။ ထိုသို့တွေ့ဆုံရာတွင် ပါမောက္ခ Prof. Tomas Vachuda မှ လွှတ်တော်များ၏ ဥပဒေပြုခြင်း အကြောင်းကို နိုင်ငံတကာလွှတ်တော်များနှင့် နှိုင်းယှဉ်ဆွေးနွေးခဲ့ပြီး လေ့လာရေးအဖွဲ့မှလည်း မြန်မာနိုင်ငံလွှတ်တော်၏အခြေအနေများကို ပြန်လည်ဆွေးနွေးခဲ့သည်။

### Institute for Totalitarian Regimes Studies , Post Bellum , Memory of Nationအဖွဲ့များနှင့်တွေ့ဆုံ ဆွေးနွေး

စက်တင်ဘာလ ၇ ရက်နေ့၊ နံနက် ၁၀နာရီတွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ တွဲဘက် အတွင်းရေးမှူးဦးဘိုကြည် ပါဝင်သော ၆ လူ့လာရေးအဖွဲ့သည် Institute for Totalitarian Regimes Studies နှင့် မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် Post Bellum နှင့် Memory of Nation အဖွဲ့များ နှင့်တွေ့ဆုံခဲ့ပြီး ချက်နိုင်ငံ ကွန်မြူနစ်အာဏာရှင် လက်ထက် လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းတင်ခဲ့ပုံ အဆင့်ဆင့် ကို ဆွေးနွေးခဲ့ကြသည်။

### People in Need အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

စက်တင်ဘာလ ၈ ရက်နေ့၊ နံ နက် ၁၀ နာရီမှ ၁၁ နာရီအထိ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ တွဲဘက် အတွင်းရေးမှူးဦးဘိုကြည် ပါဝင်သော ၆ လေ့လာရေးအဖွဲ့သည် people in need (PIN) နှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး လက်ရှိ နိုင်ငံရေး အခြေအနေနှင့် ၆ အအေပီပီလုပ်ဆောင်နေသည့် လုပ်ငန်းများ အကြောင်းကို ဆွေးနွေးခဲ့သည်။

## စိတ်ဓာတ်ပြန်လည် မြှင့်တင်ရေးအစီအစဉ်

### နှစ်သိမ့်ဆွေးနွေးခြင်းအစီအစဉ်

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ စိတ်ဓာတ်ပြန်လည်မြှင့်တင်ရေးအစီအစဉ်တစ်ခုဖြစ်သည့် Mental Health Assistance Program (MHAP) မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကြီးကြပ် အုပ်ချုပ်သော ရန်ကုန်မြို့ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဌာနနှင့် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း သွားရောက်လည်ပတ်လျက်ရှိသည်။

MHAP မှ ကောင်ဆယ်လာနှစ်ဦးသည် အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းမှ နှစ်သိမ့်ဆွေးနွေးရန် လိုအပ်လျက်ရှိ သည့် အမျိုးသမီးများအား အပတ်စဉ် စနေနေ့တိုင်း နှစ်သိမ့်ဆွေးနွေး ပေးလျက်ရှိသည်။ စက်တင်ဘာလတွင်းတွင် အမျိုးသမီး သုံးဦးအား နှစ်သိမ့်နွေးဆွေးနွေးပေးမှုပြီးမြောက်ခဲ့သဖြင့် နောက်ထပ် အမျိုးသမီး ငါးဦးအား နှစ်သိမ့်ဆွေးနွေးပေးလျက်ရှိသည်။ ထို့ပြင် MHAP မှ စူပါဗိုက်ဆာ တစ်ဦးနှင့် ကောင်ဆယ်လာ ငါးဦးသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း သွား ရောက်လည်ပတ်လျက်ရှိပြီး နှစ်သိမ့် ဆွေးနွေးပေးလျက်ရှိရာ စက်တင်ဘာလတွင်းတွင် အမျိုးသမီး ကိုးဦးအား နှစ်သိမ့်ဆွေးနွေး ပေးမှု ပြီးမြောက်ခဲ့ပါသည်။ ထို့ကြောင့် ယခု လက်ရှိတွင် အမျိုးသမီး ၁၄ ဦးအား နှစ်သိမ့်ဆွေးနွေးပေးလျက်ရှိသည်။

ထို့ပြင် MHAP မှ ကောင်ဆယ်လာခြောက်ဦးသည် အပတ်စဉ် တနင်္လာနေ့တိုင်း ငှက်အော်စမ်းလူငယ်လေ့ကျင့်ရေး သင်တန်း ကျောင်းရှိ နှစ်သိမ့် ဆွေးနွေးရန်လိုအပ်နေသော လူငယ် ၁၂ ဦးအား နှစ်သိမ့် ဆွေးနွေးပေးလျက်ရှိသည်။ စက်တင်ဘာလတွင်းတွင် ထိုင်းနိုင်ငံ၊ မဲစောက်မြို့ရှိ MHAP အဖွဲ့မှ ကောင်ဆယ်လာသုံးဦးသည် ရွှေ့ပြောင်း မြန်မာ အလုပ်သမား အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့အား နှစ်သိမ်းဆွေးနွေးပေးမှု ပြီးမြောက်ခဲ့ပါသည်။ ထို့ကြောင့် ယခုလက်ရှိတွင် ရွှေ့ပြောင်း မြန်မာ အလုပ်သမား အမျိုးသမီး ခြောက် ဦးနှင့် အမျိုးသား ၁၀ ဦး၊ စုစုပေါင်း ၁၆ ဦးတို့ကို နှစ်သိမ့်ဆွေးနွေးပေးလျက်ရှိသည်။

### အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဌာနရှိ အမျိုးသမီးများအတွက် ပံ့ပိုးကူညီပေးခြင်း

MHAP မှ စူပါဗိုက်ဆာတစ်ဦးနှင့် ကောင်ဆယ်လာငါးဦးသည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ အပတ်စဉ် သွားရောက်၍ နှစ်သိမ့်ဆွေးနွေးမှုပေးလျက်ရှိသည်။ ထိုသို့ နှစ်သိမ့်ဆွေးနွေးပေးနေ သော အမျိုးသမီးများတွင် မသန်စွမ်းအမျိုးသမီးများလည်းပါရှိပါသည်။ ထို့ကြောင့် စူပါဗိုက်ဆာ မသန်းသန်းဌေး နှင့် ကောင်စယ်လာ မသန္တာတို့သည် ထိုဌာနမှ ကျောင်းအုပ်ကြီး ဒေါ်မိုးမိုးမင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ မသန်စွမ်းသူများအတွက် အဆင်ပြေစွာ အသုံး ပြုနိုင်သည့် ဘိုထိုင်အိမ်သာများလိုအပ်လျက်ရှိသည်ကိုသိရှိခဲ့ရသည်။

ထို့ကြောင့် စူပါဗိုက်ဆာမသန်းသန်းဌေးသည် ပြည်တွင်းမှ အလှူရှင်ရှာဖွေပေးခဲ့ပြီး မသန်စွမ်းသူများအတွက် လိုအပ်လျက်ရှိသော ဘိုထိုင်အိမ်သာများကိုတပ်ဆင်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ယခုလက်ရှိတွင် မသန်စွမ်းသူများသည် ထိုဘိုထိုင်အိမ်သာများအား အသုံးပြုလျက်ရှိသည်။ ထို့ပြင် အမျိုးသမီးများနေထိုင်သည့် အဆောင်သုံးထပ်တွင် အိမ်သာစုစုပေါင်း ၁၅ လုံး၏ ရေပိုက်များ ပျက်စီးနေပြီး ရေအခက်အခဲဖြစ်နေကြောင်းသိရှိခဲ့ရသောကြောင့် ရေပိုက်များ ပြန်လည်ပြုပြင်ခြင်း၊ ရေဘုံဘိုင်ခေါင်းများအသစ်ပြန်လည် တပ်ဆင်ပေးခြင်းများကို ပြုလုပ်ပေးနိုင်ခဲ့သည်။ အလားတူပင် ကောင်ဆယ်လာ ကိုချစ်ကိုလင်းနှင့် မလှိုင်လှိုင်မြင့်တို့သည် အမျိုးသမီးများ လိုအပ်လျက်ရှိသောသွားတိုက်ဆေး၊ သွားတိုက်တံ၊ ကိုယ်တိုက်ဆပ်ပြာ၊ အဝတ်လျှော်ဆပ်ပြာဆီတို့ကို လှူဒါန်းပေးခဲ့သည်။

## အထွေထွေလှုပ်ရှားမှုများ

### ဖြူးမြို့နယ်အတွင်းရှိ နိုင်ငံရေးအကျဉ်းသားဟောင်းထံသို့ သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြား



စက်တင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ဖြူးမြို့နယ်အတွင်းရှိ နိုင်ငံရေး အကျဉ်းသားဟောင်းများထံသို့ သွားရောက် တွေ့ဆုံခဲ့ပြီး အားပေးစကားများပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံရေး အကျဉ်းသားဟောင်း ဦးလှမြင့်အား ကျန်းမာရေးထောက်ပံ့ကြေးငွေ ပေးအပ်ခဲ့ပါသည်။

### နိုင်ငံရေးအကျဉ်းသား ရှစ်ဦးအတွက် ထောက်ပံ့ငွေများပေးအပ်

စက်တင်ဘာလ ၅ ရက်နေ့တွင် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP)ကိုယ်စား အင်းစိန် နိုင်ငံရေး အကျဉ်းသားဟောင်း များမှ ကိုအောင်မျိုးသူအပါအဝင် အင်းစိန်ထောင်အတွင်း အကျဉ်းကျနေသော နိုင်ငံရေး အကျဉ်းသား ရှစ်ဦးအတွက် ထောက်ပံ့ငွေများကို အကျဉ်းထောင် တာဝန်ရှိသူထံသို့ ပေးအပ်ခဲ့သည်။

ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင်အတွင်းရေးမှူး +၆၆(၀) ၈၁၂၈၇၈ ၇၅၁
ဘိုကြည်တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၉၄၂ ၅၃၀ ၈၈၄၀
ဦးအောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ+၉၅(၀) ၉၄၂ ၈၁၁၇ ၃၄၈